

# တန်ဖိုးရှိသောဘဝနှင့် ရပ်တည်ခြင်း ( Living a Life with Values )

ဦးအောင်ဆန်းဦး

**အပိုင်း(၃)  “နိုင်ငံသားများ၏အခွင့်အရေး ပြန်လည်ပေးအပ်ခြင်း” (Enfranchising the Nation of Myanmar )**

ဒီဇင်ဘာ ၂၀၁၉

## နိဒါန်း

ဤဆောင်းပါးသည် မြန်မာစာဖတ်သူများအတွက်ရည်မှန်းလျက်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ မြန်မာဆိုသည့်စကားရပ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည်ဖြင့် ပူးပေါင်းပါဝင် ပြီးသား ဖြစ်သည်။ Burmese (သို့) Burma ဆိုသောစကားကို အသုံးပြုသောအခါတွင် ဗြိတိသျှအစိုးရအုပ်ချုပ်စဉ်ကာလ စကားလုံးအသုံးအနှုန်းနှင့် သက်ဆိုင်ခဲ့ပြီး ဗြိတိသျှခေတ်ပြီးသည့်နောက်တွင်လည်း စွဲကျန်ရစ်ခဲ့သောစကားလုံးသုံးနှုန်းပုံများဖြစ်ကြသည်။ နိုင်ငံခြားသားစာဖတ်သူများအနေဖြင့် ဤဆောင်းပါးကိုဖတ်ရှုရသောအခါတွင် ဆောင်းပါးအတွင်းပါရှိသောဗမာစကားလုံးများ၏ ဆိုလို ရင်းအဓိပ္ပါယ်ကို နားလည်ဘို့လွယ်ကူမည်မဟုတ်ပေ။ ထို့ကြောင့် ဤဆောင်းပါးအနေဖြင့် အကျယ်ချဲ့ရှင်းပြရေးသားမှုများကို အနည်းဆုံးလျှော့ချပြီး တိုတိုရှင်းရှင်းဖြင့် ရေးသားထားသည်။

## အပိုင်း(၁) “နိုင်ငံသားများ၏ ရပိုင်ခွင့်အားလုံးဆုံးရှုံးခဲ့ရခြင်း” (Disfranchising of a Nation )

ဤအပိုင်းတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာလူမျိုးတို့၏ ကံကြမ္မာနှင့်ပက်သက်သော နောက်ခံသမိုင်းကြောင်း အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ ထိုစဉ် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက မြန်မာနိုင်ငံကို အဘက်ဘက်မှ အဆင့်အတန်းနိမ့်ကျအောင် ဆောင်ရွက်မှု အကျဉ်းချုပ်ဖော်ပြချက်လည်း ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးစ နုနယ်သော နိုင်ငံဖြစ်မှုကို အပြစ်တင်စရာရှိသော်လည်း နိုင်ငံအတွက် အထင်ကရဆုံးရှုံးမှုများကိုတော့ ဖြစ်စေခဲ့သည်။

## အပိုင်း (၂) “မိမိကိုယ်ပိုင်အတွက်နှင့်တိုင်းပြည်လူမျိုးအတွက် စွမ်းရည်မြှင့်တင်ခြင်း” ( Empowering Self and Nation)

ဤအပိုင်းတွင် ထိခိုက်ပျက်စီးသွားသော ပြည်သူလူထုများ၏ စိတ်ဓါက်ရေးရာအား ပြန်လည်ပြုပြင်ရန်နှင့် နိုင်ငံအတွက် ပြန်လည်ကြိုးပမ်းဆောင်ရွက်လိုသော မျိုးချစ်ပုဂ္ဂိုလ်တို့၏ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်ရေးအတွက် ရည်ရွယ်ပါသည်။

## အပိုင်း(၃) “နိုင်ငံသားများ၏အခွင့်အရေး ပြန်လည်ပေးအပ်ခြင်း” (Enfranchising the Nation of Myanmar )

ဤအပိုင်းတွင် လက်ရှိအခြေနေအရ နိုင်ငံရေးတာဝန်များနှင့်အာဏာများ အပ်နှင်းခြင်းခံရထားသော်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် အထက်ပါ နိုင်ငံတော်၏ ဆုံးရှုံးခဲ့မှုများကို ပိုမိုကောင်းမွန်သော နိုင်ငံရေးစနစ်တစ်ခု အသွင်ဖြင့် အစားထိုးဖေါ်ဆောင်ကာ နိုင်ငံသားများအတွက် တရားမျှတမှန်ကန်မှုများ ပြန်လည်ဆောင်ကျဉ်းပေးနိုင်ရေးကို ရည်ရွယ်ပါသည်။

## အပိုင်း (၃) "နိုင်ငံသားများ၏အခွင့်အရေး ပြန်လည်ပေးအပ်ခြင်း"

မြန်မာနိုင်ငံ၏အင်အားသည် မတူညီသောတိုင်းရင်းသားလူမျိုးအသီးသီးများမှ ပေါင်းစပ်စုစည်းထားသောအင်အားဖြစ်သည်။ ၎င်းအင်အား၏အဓိကသော့ချက်များမှာ အပြုသဘောအားဖြင့် သမာဓိတရား(SAMADHI)ရှိသော ပြည်သူပြည်သားအားလုံး၏ စုပေါင်းအင်အားဖြစ်သည်။ ၎င်းသော့ချက်များ၏ အရေးအကြီးဆုံးသော အရာများမှာ ပြည်သူလူထုများပင်ဖြစ်သည်။ အထူးသဖြင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပြည်သူလူထုအချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်စွမ်း နှင့် အစိုးရအပေါ် ပူးပေါင်းဆောင်ရွက်မှုပုံစံပေါ်တွင်များစွာမူတည်သည်။ သဘာဝသယံဇာတများပေါများကြွယ်ဝသောကြောင့် နိုင်ငံတစ်နိုင်ငံ၏ အင်အားတိုးမြှင့် စေနိုင်သော်လည်း အရေးကြီးသည်မှာ ၎င်းသဘာဝသယံဇာတများသည် တိုင်းပြည်တစ်ခု မထူထောင်နိုင်ပါ။ ပြည်သူလူထုသည် ၎င်းတို့၏ယဉ်ကျေးမှုတိုးတက်မှုအတွက် လိုအပ်သော အမျိုးသားရေးဆန္ဒနှင့်စိတ်ဓာတ်ရှိမှသာ အင်အားကြီးမားသောနိုင်ငံ ဖြစ်လာနိုင်မည် ဖြစ်သည်။ (ဗိုလ်ချုပ်အောင်ဆန်း) A nation cannot be effective or powerful—***unless the People have the National Will and the Spirit Requisite for the Growth of their Civilization*** (Bog yoke Aung San). မှန်ကန်သော အသိပညာ နှင့်ယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်း၏ထိရောက်သော ဖွဲ့စည်းမှုအတွက် မရှိမဖြစ်လိုအပ်သည်။ အထက်ပါဖော်ပြချက်များသည် ကျွန်ုပ်တို့၏ **ရည်မှန်းချက်နှင့်ပန်းတိုင်** (Aims and Objectives ) များကိုသတ်မှတ်နိုင်ရန်အတွက် အထောက် အကူပြု လိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ဖွံ့ဖြိုးတိုးတက်ပြီး ယဉ်ကျေးသောလူမှုအဖွဲ့စည်းတည်ဆောက်ရာတွင်လိုအပ်သော မူဝါဒရေးဆွဲရေးအတွက် ခက်ခဲလွန်းလှချေမဟုတ်ပါ။ များစွာသောနိုင်ငံများသည် အဆိုပါမူဝါဒကို ဤရာစုမတိုင်မီကပင် အောင်မြင်စွာ အကောင် အထည်ဖော်ခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံ အတွက်သင့်လျော်သော မူဝါဒကို ဤနေရာတွင် တင်ပြသွားမည်ဖြစ်ပါသည်။

ကျွန်တော်တို့ ပထမဆုံးစဥ်းစားရမည့်အရာမှာ လာမည့် ၂၀၂၀ ခုနှစ်အတွက် အထွေထွေ ရွေးကောက်ပွဲဆိုင်ရာကိစ္စဖြစ်သည်။ လက်ရှိနေပြည်တော် NLD အစိုးရအတွက် ကျွန်တော်တို့ မဲဆက်လျှက်ပေးမှာလား......မပေးဘူးလာ? အကယ်၍ငင်းတို့၏ စွမ်းဆောင်ရည် အရည်အချင်း မရှိခဲ့လျှင်၊ ကျွန်တော်တို့အနေဖြင့် စွမ်းဆောင်ရည် ရှိသော ရွေးချယ်စရာအစိုးရတစ်ရပ်ကို ရွေးကောက် သင်မြှောက်နိုင်မည်လော?

နေပြည်တော်ရှိလက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များကိုပြန်လည်သုံးသပ်ကြည့်ကြစို့။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ကျင်းပသောရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရခဲ့ပြီး၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် လက်ရှိအစိုးရ၏အုပ်ချုပ်ရေးကိုစတင်ကျင့်သုံးခဲ့ရာ မျှသသောတရားစီရင်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ ပညာရေး ပေါ်လစီများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုလုံးဝမရှိပါ။ လက်ရှိအစိုးရ၏ မူဝါဒ အားလုံးသည် သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်မှကြွင်းကျန်ခဲ့သည့် မူဝါဒဟောင်းဖြစ်သည်။ လူထုအနေဖြင့် အဓိပ္ပာယ်ရှိရှိအဓိကကျသောတိုးတက်မှုမရှိဘဲ ပြည်သူလူထု ၏ဘဝ / အချိန်များကို ၁၀ နှစ်အထက်အထိအလဟာသ ဖြုန်းတီးသွားနိုင်သော အစိုးရကို နိုင်ငံတော်အာဏာ နောက်ထပ်ငါးနှစ်ဆက်လက်ပေးမည်လော? NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော် သမ္မတ၏အကြံပေးပုဂ္ဂိုလ် ဖြစ်သော်ငြားလည်း သမ္မတ အထက်မှာနေရာယူ၍ အာဏာကိုင်ထားသည်။ ထိုစည်းမျဉ်းသည် NLD ပါတီအတွင်း၌သာသက်ဆိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အရမကိုက်ညီပါ။ **နိုင်ငံတော်သမ္မတ အဖြစ်ရွေးကောက် တင်မြှောက်ခြင်းခံရသည့် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မဆို ၎င်း၏ သစ္စာစောင့်သည်မှုသည် တိုင်းပြည်နှင့်လူမျိုးပေါ်တို့အတွက်သာဖြစ်ပြီး ပါတီ၏ အကြီးအကဲပေါ်အတွက် မဟုတ်ပါ။** ဒီမိုကရေစီအစိုးရဟု ကျင့်သုံးနေသည့် အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဥပဒေကိုကျော်လွန်ပြီး သမ္မတအထက်မှနေ၍ ကြိုးကိုင်ထားပြီး မိမိစိတ်နှင့်မိမိကိုယ် မဆောင်ရွက်နိုင်သော သမ္မတကို ပြည်သူလူထုအနေနှင့် လုံးလုံးလျားလျားလက်ခံနိုင်ပါသလာ? သမ္မတအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်ကိုကျော်ပြီး တရားမဝင်သောနည်းလမ်းဖြင့် ၎င်းအားကြိုးကိုင်ထားသော

ဒေါ်အောင်ဆန်းစုကြည်ကို အနိုင်ယူခွင့်ပြု လိုက်မည်လော? လူထုများသည် NLD ကိုထပ်မံမဲပေးကာ မကောင်းသောအကြံများနှင့် ၎င်းကဲ့သို့သော အခြားသူများအား မြန်မာနိုင်ငံအား ထိုကဲ့သို့ ဥပဒေမဲ့အုပ်ချုပ်မှုများ ဆက်လက်အုပ်ချုပ်ခွင့် ပြုမည်လော? ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများနှင့် စပ်လျဥ်း၍ ထပ်ခါထပ်ခါ ကျရှုံးသော်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက် ဦးဆောင်ခွင့်ပြုမည်လော? ( *အစိုပွါယ်မှာ သူမသည် မရှိမဖြစ်ဟု ယူဆစေပြီး၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် သူမသည် အာဏာကို ဆက်လက်ဆုပ်ကိုင်မှ ဖြစ် လိမ့်မည်ဟု အထင်ရောက်စေလို ကြောင်း*)။ မြန်မာသမိုင်း တစ်လျှောက်လုံးတွင် ကုလားနှင့်တရုတ်များသည် နယ်စပ်တစ်လျှောက်မှတဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်ဟု မှတ်ယူကြသည်။ ၎င်းတို့အနက် မြန်မာနိုင်ငံသားရ မိဘများထံမှ မွေ့ဖွားလာသူများသည် နိုင်ငံသားများဖြစ်ကြသည်။ (*နိုင်ငံတိုင်းတွင် စံသတ်မှတ်ထားသော နိုင်ငံသား စည်းမျဥ်းများ။*) သို့သော် ဤသို့သောပုဂ္ဂိုလ်များသည် နိုင်ငံသားဖြစ်ခွင့် ရသော်လည်း တိုင်းရင်းသား ဌာနေတိုင်းရင်းသားများအဖြစ်မယူဆနိုင်ပါ။ **ဒေါ်အောင်ဆန်းစုကြည် မှလွဲ၍ Rohigya Kalars ရိုဟင်ဂျာ ကုလားများကို မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများအဖြစ် မသတ်မှတ်ကြပေ။** မည်သူတို့သည် မြန်မာပြည်သူပြည်သား အစစ်အမှန်ဖြစ်သည်ကိုပင် ခွဲခြားပြီး သဲသဲကွဲကွဲ မသိသောပုဂ္ဂိုလ်များအတွက် မဲမပေးသင့်ပါ။ အခွင့်အရေးရှိသောဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း၌ မီဒီယာ / စာနယ်ဇင်းများက ဤကိစ္စရပ်အပေါ်တွင် မေးခွန်းများကို မေးရန်ကြောက်ရွံ့နေပါသလား။

အထက်ဖော်ပြပါမေးခွန်းအချို့နှင့်စပ်လျဥ်း၍သက်ဆိုင်သောပြဿနာများအကြောင်းဆွေးနွေးကြပါစို့။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဦးသိန်းစိန် အစိုးရမျာကျန်ရစ်ခဲ့သော တရားစီရင်ရေး၊ စီးပွားရေးနှင့် ပညာရေးပေါ်လစီစနစ်များကို ပြုပြင်ပြောင်းလဲရန် သို့မဟုတ် ဆက်လက်ပြုပြင် ပြောင်းလဲရန် အဘယ်ကြောင့်မလုပ်နိုင်ပါသနည်း။ **ဆယ်စုနှစ်များစွာ အာဏာရှင်စနစ်၏ လွဲမှားသောအုပ်ချုပ်မှု စနစ်များကို တစ်စိုက်မတ်မတ် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။**

မှန်ပါတယ် လူတိုင်းအတွက်အဓိပ္ပါယ်ရှိသည့် အခွင့်အရေး များရှိသော နိုင်ငံအဖြစ်သို့ ဖော်ဆောင်ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်သူ ပညာရှင်များ၏ ကူညီထောက်ပံ့မှုသည် မရှိမဖြစ်လိုအပ်ပါသည်။ **မြန်မာနိုင်ငံ၏ နိုင်ငံရေး လောကသို့ခြေမချမှီကပင် မိမိကိုယ်ကိုပေါ်တွင် ရည်မှန်းချက်များစွာ မရှိသော စုကြည်လိုပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ကောင်းကျိုးအတွက် သမာဓိတရား SAMADHI ရှိလိမ့်မယ်လို့ ကျွန်တော်တို့ ဘယ်လိုမျှော်လင့်ရမည်နည်း။** မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအတွက် မည်သူကပင်သမ္မတ ဖြစ်ပါစေ ၊ ၎င်းတို့အနေနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ထင်ရာမြင်ရာ စိတ်ကူတည့်ရာ ပြောဆို သည့်အတိုင်း သူမ၏အလိုဆန္ဒများကိုသာ ထမ်းဆောင်ပေးနေရမည်။ အဘယ်ကြောင့်ဆိုတော့ NLD ပါတီအုပ်ချုပ်မှု မူဝါဒအရ ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတ အထက်တွင်ရှိပါသည်။ သူမအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကာအကွယ်များ မရှိပါ။ ပြည်သူလူထု၏အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးရန် အုပ်ချုပ်မှုအာဏာရှိရသည့် နိုင်ငံတော်သမ္မတအား မိမဲ့မြင်ပြုနေသော ထင်ရာဆိုင်းတက်သည့် သူမလိုပုဂ္ဂိုလ်မျိုးကို ပြည်သူလူထုအနေဖြင့် ခွင့်မပြုသင့်ပါ။ လက်ရှိ NLD အစိုရ၏ အုပ်ချုပ်မှုစွမ်းရည်ကိုကြည့်ခြင်းအားဖြင့် ၎င်းတို့ကို ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း မပြုသင့်ပါ။ သို့မဟုတ်ပါက မှားယွင်းသည့် ထပ်တူအာဏာရှင်စနစ်အုပ်ချုပ်မှု (၅) နှစ် ထပ်မံကျင့်သုံးသွားမည်ဖြစ်ပါ လိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်ကျွန်တော့်ကြား နှစ်ပေါင်း ၂၀ ကြာမြင့်နေပြီးဖြစ်သော အမွေဆက်ခံမှုဆိုင်ရာတရားစွဲဆိုမှုများရှိနေသေးသည်။ အချက်အလက်များနှင့်ကိန်းဂဏန်းများ အပြည့်အစုံပါဝင်သောနောက်ထပ်ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ပြုစု ရေးသားဆဲ ဖြစ်ပါသည်။ **အာဏာရှင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား**(အတွက်) တရားမျှ ဥပဒေကင်းမဲ့စွာ မှားမှားယွင်းယွင်းဆောင်ရွက် ပေးနေကြသော အပြစ်ကျူးလွန်သူများအားလုံးကို ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားစီရင်ရေး ကဏ္ဍတွင် သူမသည်တရားရေးဌာနနှင့် ပတ်သက်၍တိုက်ရိုက်ဝင်ရောက် စွပ်ဖက် မှုအာဏာမရှိဟု ဥပဒေရှုဒေါင့်အရ ဒေါ်အောင်ဆန်းစုကြည်က

ပြောဆိုကောင်း ပြောဆိုလာလိမ့်မည်။ တရားရေးရာအပေါ် သမ္မတကသာ သြဇာသက်ရောက်မှု ရှိကြောင်း ပြောကောင်းပြောဆိုလိမ့်မည်။ မှန်ပါတယ် နိုင်ငံတော်သမ္မသည် ယခုအချိန်အထိ ၎င်းသည် တရားသူကြီးများအနေနှင့် ဒေါ်အောင်ဆန်းစုကြည် ၏အမှားများကို ဖုံးကွယ်ပေးနိုင်ရန်အတွက် ခွင့်ပြုချက် ပေးထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်အပေါ်တာဝန်မဲ့သော သမ္မတတစ်ဦးအဖြစ် သမိုင်းတွင်ခဲ့မည်ကို သူကိုယ်တိုင်ပင်ဂရုမစိုက်ပါ။ ဤနည်း အားဖြင့်မှသာ သူ၏သမ္မတ ရာထူးသက်တမ်းကိုလုံခြုံစေနိုင်သည်။ ကျွန်တော်တို့ စောင့်ကြည့်ရလိမ့်မည် ကတော့ သူသည် သမ္မတသက်တမ်းမကုန်ဆုံးမည် သတ္တိရှိရှိ NLD ၏ဥပဒေမဲ့ မူဝါဒလမ်းစဥ်ကို ထိုးဖေါက်ပြီး တိုင်းပြည်အပေါ် တာဝန်ရှိရှိ သစ္စာစောင့် တည်သော သမ္မတတစ်ဦး ဖြစ်လာနိုင်မည်လော? သမာဓိတရား ရှိသော သူတိုင်းသည် ၎င်းတို၏နာမည်ဖြင့် လိမ်ညာ၊ကောက်ကျစ်၊လှည့်ဖျား Lie ,Cheat and Deceive (LCD) ခြင်း အပြုအမူအတွက် အသုံးပြုခွင့် ပြုမည်မဟုတ်ပါ။ ၂၀၂၀ ခုနှစ်တွင် ပိုမိုကောင်းမွန်သောတရားမျှတမှုရှိသည့် အစိုးရသစ်တစ်ခုကို ရွေး ကောက်တင်မြှောက် နိုင်ပြီး အပြစ်ကျူးလွန်သူများကို တရားစွဲဆိုနိုင်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ငြိမ်းချမ်းရေးဆွေးနွေးမှု မည်သို့လုပ်ဆောင်သည်ကို ကြည့်ခြင်းသည် ဆောက်လုပ်ရေးလုပ်ငန်းမကျွမ်းကျင်သောသူတစ်ဦးက ထင်ရာမြင်ရာဖြင့် ရှုပ် ထွေးသော အိမ်တစ်လုံးဆောက်ရန်ကြိုးစားနေခြင်းနှင့်တူသည်။ မည်သည့် ဆောက်လုပ်ရေးလုပ်ငန်းမဆို ရှင်းလင်းပြတ်သားသောလိုအပ်ချက်များဖြင့် စတင် သင့်သည်။ ထို့နောက်တစ်ဆင့်ပြီးတစ်ဆင့် ဆောက်လုပ်ရေးကို လိုအပ်သော စီစဉ်ထားသည့်အစီအစဉ်အတိုင်းစတင်ရန်လိုအပ်သည်။ အခြေခံအုတ်မြစ် လိုအပ် ချက်များကို ဦးစွာတည်ဆောက်ပြီးမှသာ ခေါင်မိုးအပေါ် အဆင့်ဆင့်သို့ တက်သွား မည်ဖြစ်သည်။ ဗဟိုအစိုးရနှင့်အခြားဒေသန္တရအစိုးရများ၏ အခြေခံ အုတ်မြစ်များ ပေါင်းစည်းမှုများအတွက် လုံလောက်ရှင်းလင်းသော အစီအစဉ် ရှိသင့်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မည်သည့်ပြုပြင် ပြောင်းလဲရေး အစီအစဉ်မှ မပါဝင်

ခြင်းအားဖြင့် ဗဟိုအစိုးရ၏တာဝန်ကို ယူရန်မစွမ်းနိုင်ပုံရသည်။ **ငပိန်းများ၊ ငတုံးများ၊ ငကြောင်များနှင့် ငယောင်များ သာလျှင်သူမ၏ ငြိမ်းချမ်းရေး အစပျိုးမှုကို အလေးအနက်ထားသည်။** ခိုင်ခံ့သောအိမ်တစ်လုံး ဖြစ်လာရန်အတွက် လိုအပ်သောအခြေခံအုတ်မြစ် မသိဘဲ ခေါင်မိုးစနစ်တစ်ခုကို တည်ဆောက်ခြင်းသည် အဓိပ္ပာယ်မရှိပါ။ အံ့ဩစရာတော့မဟုတ်ပါ၊ သူမ၏စေ့စပ်ညှိနှိုင်းမှုအားလုံးသည် ယခုအချိန်အထိမအောင်မြင်နိုင်သေးပါ။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ NLD အနိုင်ရရှိမှုမတိုင်မီ နိုဘယ်ငြိမ်းချမ်းရေးဆုအပါအဝင် ဂုဏ်ထူးဆုနှင့်ဆုများစွာကိုရရှိခဲ့ပါသည် (အင်တာနတ်တွင် လေ့လာဖက်ရှုနိုင်ပါသည်)။ (Top of the Line XXXXXX Cowboy Gus ၏ပြောကြားချက်အရ) သူတို့အနေနှင့်ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရည်ကိုယ်သွေးအရည်းအချင်းကို နားလည်သပေါ်ပေါက်လာသောအခါ နိုဘယ်ငြိမ်းချမ်းရေးဆုမှလွဲ၍ သူမကိုပေးအပ်ခဲ့သောဆုများ အားလုံးနီးပါးကို ရုပ်သိမ်း ပယ်ဖျက်ခဲ့သည်။ နိုဘယ်ငြိမ်းချမ်းရေးဆုကိုရုပ်သိမ်းခြင်းနှင့်ပက်သက်၍ အလေးအနက်ဆွေးနွေးမှု များလည်းပြုလုပ်ခဲ့သည်။ သို့သော် ဤအပြုအမူသည် ဒေါ်အောင်ဆန်းစုကြည်ထက် ဤငြိမ်းချမ်းရေးဆု၏ဂုဏ်သိက္ခာကို ပိုမိုထိခိုက်စေလိမ့်မည်။ သို့သော် ဤကြီးမားသော အမှားအတွက် တရားခံသည် ဒေါ်အောင်ဆန်းစုကြည် မဟုတ်ဘဲ အနောက်တိုင်း နိုင်ငံများ၏ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ယဇ်ပုရောဟိတ်မင်းများ ကိုယ် တိုင်သာ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ပြည်နယ်တို့ ထိစပ်သော နယ်စပ်ဒေသမှ သူတို့ကိုယ် သူတို့ရိုဟင်ဂျာကုလားဟု ခေါ်ဆိုသူများနှင့် စပ်လျဉ်းသော သမိုင်းကြောင်း အကျဉ်းချုပ်ကို သိရှိ နားလည်ထားသင့်သည်။ ‘ဘင်္ဂလားနယ်ဝေါ်မွတ်ခေါင်းပါးမှု (၁၉၄၃) (ဘင်္ဂလီဘာသာ စကားဖြင့် ပန်ကာဆီရာ မန်မင်တာရာ)သည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှအိန္ဒိယပိုင် ဘင်္ဂါလီနယ်တွင် အကြီးအကျယ် ဖြစ်ပွားခဲ့သော ဒုမ္ဘိက္ခန္တရကပ်၊ အငတ်ဘေးဆိုက်ရောက် မှုဖြစ်သည်။ အစာငတ်မွတ်မှု၊ ငှက်ဖျားရောဂါ၊ အာဟာရမပြည့်ဝမှု လူဦးရေ မြောက်များ စွာနေရာရွှေ့ပြောင်းနေထိုင်မှု၊

မသန့်ရှင်းသော အခြေအနေနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ခြင်းကင်းမဲ့မှု တို့ကြောင့် လူသန်း ၆၀.၃ သန်း အနက် မှ ၂.၁ သန်း မှ ၃.၀သန်း အထိ သေကြေပျက်စီးခဲ့သည်။ လူမှုစီးပွားရေးဘဝအပေါ် ကြီးကျယ်စွာ လွှမ်းမိုးခဲ့သော ဤ အကြပ်အတည်းကြောင့် လူသန်းနှင့်ချီ၍ ဆင်းရဲမွဲတေသော ဘဝနှင့် ရင်ဆိုင်ခဲ့ရသည်။ ကမ္ဘာစစ်ကာလအတွင်း ကိုလိုနီနယ်ချဲ့တို့ ဖန်တီးသော မူဝါဒတို့ သည် အခက်အခဲအကျပ်အတည်းကို ပိုမိုဆိုးရွားစေသဖြင့် သမိုင်းဆရာတို့က ဤဖြစ်ရပ်ကို "လူဖန်တီးသော အငတ်ဘေး" ဟု မကြာခဏဖော်ပြလေ့ရှိကြသည်။ လူနည်းစုကသာ ဤငတ်မွတ်မှုသည် သဘာဝအကြောင်း တရားတို့ကြောင့် ဖြစ်ပေါ်လာသည်ဟု ထင်မြင်ယူဆကြသည်။ လူ့အလွှာတွင် အဆင့်အတန်း နိမ့်ကျသူများဟု ဗြိတိသျှတို့ ယူဆသည့် အိန္ဒိယသို့ ဂျပန်တပ်များ ရောက်ရှိ မလာအောင် ဟန့်တားနိုင်ရန် အလွန်ပင် ပြင်းထန်ရက်စက်သော စီးပွားရေးနှင့် စစ်ရေး ဆိုင်ရာဆောင်ရွက်ချက်တို့ကို ပြုလုပ်ခဲ့သည်။ ဘင်္ဂလားဒေသမှ အိန္ဒိယဆန် စပါးကုန်သည် ကြီးများ၏ မည်သူကိုမျှ အလေးမမူဂရုမစိုက်သော အကျိုးအမြတ် ကြည့်သည့် စီးပွားရေးယဉ်ကျေးမှုဆိုင်ရာ စိတ်နေစိတ်ထားနှင့် ဆောင်ရွက်ချက် သည် အငတ်ဘေးဒုက္ခအား မီးလောင်ရာလေပင့် ပိုမိုဆိုးဝါးစေခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ဖြစ်ပွားသော ဤဖြစ်စဉ် အသေးစိတ်ကို ဝီကီပီဒီးတွင် ဖတ်ရှုနိုင်ပါသည်။

ဤ ဘင်္ဂလားဒေသငတ်မွတ်မှု(၁၉၄၃)ကို ပြန်ဖော်ပြရခြင်းမှာ အကြောင်းရှိပါ သည်။ အင်္ဂလိပ်၊ အမေရိကန်နှင့် အစ္စလမ်မီဒီယာများက ရိုဟင်ဂျာဆိုသူများကို လူမျိုးတုံး သတ်ဖြတ်နေကြောင်း မြန်မာနိုင်ငံအပေါ် စွပ်စွဲပြစ်တင်နေကြသည်။ ဒုတိယ ကမ္ဘာစစ်တွင် အင်္ဂလိပ်နှင့်ဂျပန်တို့ တိုက်ပွဲအကြီးအကျယ် ဆင်နွှဲခဲ့သော ဤရခိုင် ဘင်္ဂလားနယ်စပ်ဒေသသည် အဆိုပါရိုဟင်ဂျာဆိုသူ မွတ်စလင်တို့၏ ပင်ရင်းဒေသ ဖြစ်ကြောင်း စွပ်စွဲပြောဆို နေသည်။

ဗြိတိသျှသည် ရိုဟင်ဂျာရှိကြောင်း ဘယ်သောအခါမျှ မဖော်ပြခဲ့ပေ။ အဘယ် ကြောင့်ဆိုသော် မြန်မာနိုင်ငံဘက်အခြမ်းတွင် ဘယ်သောအခါမျှ မရှိခဲ့သောကြောင့်ဖြစ်သည်။ အ

ကယ်၍ ရှိခဲ့လျှင်လည်း ဗြိတိသျှတို့၏ မြေလုန်ဖျက်ဆီးမှုများကြောင့် ကြီးကျယ်သော အငတ်ဘေးဆိုက်ကာ မည်သူမျှ ရှင်သန်နိုင်ဖွယ်မရှိပေ။

၁၉၇၁ ခုနှစ်တွင် အရှေ့ပါကစ္စတန်ကို အိန္ဒိယက တိုက်ခိုက်အနိုင်ရပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိခဲ့သည်။ ပါကစ္စတန်စစ်တပ်သည် ဘင်္ဂလီများကို ခြေမှုန်းရာ၌ မြန်မာနိုင်ငံဘက်အခြမ်းသို့ ထွက်ပြေးလာသော စစ်ဘေးဒုက္ခသည်များမှာ အဆိုပါ ဘင်္ဂါလီများပင်ဖြစ်သည်။ အိန္ဒိယက ပါကစ္စတန်စစ်တပ်ကို တိုက်ခိုက်သော အခါတွင် ရခိုင်နယ်မြေသို့ စစ်ပြေးဒုက္ခသည်များ ထပ်မံဝင်ရောက်လာသည်။ ထိုသို့သော ဘင်္ဂါလီ ဒုက္ခသည်များသည် မြန်မာနိုင်ငံသို့ သာဝင်ရောက်သည် မဟုတ်။ ဘင်္ဂါလီ ၁၀ သန်း ရှိလျှင် တစ်သန်းခွဲခန့်မှာ အိန္ဒိယနိုင်ငံ အာဆမ်ဒေသသို့ ပြေးဝင်သွားကြသည်။ အာဆမ် (အိန္ဒိယ)ကလည်း အဆိုပါ ဘင်္ဂါလီဒုက္ခသည်များကို ဘယ်တော့မျှ နိုင်ငံသားပေးလိမ့် မည်မဟုတ်ဟု ကြေညာခဲ့သည်။ အင်တာနက်ဝက်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။ လူ ၂၆၀၀၀ သေဆုံးသည် ဟု ပါကစ္စတန်ကပြောကြားသော်လည်း ၃ သန်းခန့် သေကြေပျက်စီးကြောင်း ဘင်္ဂါလီဘက်က ပြောဆိုသည်။(ဝက်ဆိုက်)ထိုကိစ္စများဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်သူများမှာ ရိုဟင်ဂျာဖြစ်သည်ဟု ဘယ်မှတ်တမ်းမှာ မျှ မတွေ့ရပါ။

နယ်စပ်ဖြတ်ကျော်၍ ကုန်ရောင်းကုန်ဝယ်လုပ်သူအချို့ကို ထိုအချိန်ကာလက ‘ခေါ်တော’ဟု ခေါ်ဝေါ်သုံးနှုန်းသည်။ ထိုသူတို့က ဗမာစကားအနည်းအကျဉ်းကို ၎င်းတို့၏ အသံဝဲဝဲဖြင့် ပြောဆိုတတ်ရာ  ဒေသခံတို့ကို အလွယ်တကူ ၎င်းတို့အား သိရှိ နိုင်သည်။ ရိုဟင်ဂျာဆိုသူများကား ဗမာစကား(ရခိုင်စကား) ကို တစ်လုံးတစ်ပါဒမှ မပြောဆိုတတ်ပေ။ ထိုသူများသည် ဒေသခံလူထုနှင့်လည်း မည်သို့မျှ သဟဇာတ မဖြစ်ပေ။

၂၀၁၇ ခုနှစ်တွင် ဘင်္ဂလာဒေ့ရှ်နိုင်ငံ၏ လူဦးရေမှာ ၁၆၄.၇သန်း ကျော်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံထက် လူဦးရေပိုမိုများသည်။ ဒုတိယကမ္ဘာစစ်ကာလမှစ၍ ၎င်းနောက်ပိုင်း ဘင်္ဂါလီသန်းနှင့်ချီ၍ သေဆုံးခဲ့သည်။ အဆိုပါ ဘင်္ဂါလီတို့သည် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခဲ့ကြပြီး သူတို့သည် ဘင်္ဂါလီမဟုတ်သော အခြားလူမျိုး

တစ်မျိုး (ဥပမာ ရိုဟင်ဂျာ) အဖြစ် သူတို့ကိုယ်သူတို့ နာမည်ပေးခဲ့ကြသည်။ နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သည့် အတွက် အိမ်ရှင်ဒေသက မနှစ်ချိုက်ပေ။ အကယ်၍ ဤ ကိစ္စသည် ပြဿနာ တစ်ရပ်အဖြစ် ပေါ်ပေါက်လာပြားအံ့။ ဤကိစ္စသည် အဆိုပါနှစ်နိုင်ငံ နှင့်သာ သက်ဆိုင်ပြီး (လူသန်းချီ၍ သတ်ဖြတ်ခံရမှသာ သုံးနှုန်းလေ့ရှိသည်) နိုင်ငံတကာ လူမျိုးတုန်းသတ်ဖြတ်မှု အဖြစ် မည်သို့မျှ စဉ်းစားနိုင်မည်မဟုတ်ပေ။ ကံမကောင်းအကြောင်း မလှသဖြင့် တရားမဝင်ကျူးကျော် ဝင်ရောက်လာသူ ဘင်္ဂါလီများအနက် အနည်းအကျဉ်းမျှ အသေအပျောက်ရှိနိုင်သော်လည်း စွပ်စွဲသောသန်းဂဏန်း ပမာဏ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ကမ္ဘာ့မီဒီယာများကလည်း အဆိုပါပမာဏ လူမျိုးတုံး သတ်ဖြတ်ခံရသည်ဟု စွပ်စွဲချက်ကို ဆန့်ကျင်ဖြေရှင်းပေးခြင်း မရှိပေ။

မြန်မာနိုင်ငံတွင် စစ်အစိုးရအုပ်ချုပ်စဉ်က စီးပွားရေးနိမ့်ကျမှုကြောင့် ရွာသူရွာသား အချို့သည် ၁၉၈၀ ပြည့်လွန်နှစ်များဝန်းကျင်တွင် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံစသည့်နိုင်ငံများ အတွင်းရွှေ့ပြောင်းကာ အချို့မှာ ရွာတည်ပြီး စုပေါင်းနေထိုင်ခဲ့ကြသည်။ ရခိုင်ပြည်နယ်မှ စိုက်ပျိုးရေးလုပ်သားများစွာလည်း ပြောင်းရွှေ့ထွက်ခွာသည်။ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝှမ်းတွင် လယ်ယာလုပ်သားရှားပါးမှု ပြဿနာမှ အစပြုသော လုပ်သားအကျပ်အတည်း ပြဿနာပေါ်ပေါက်လာသည်။ ချမ်းသာ၍ လယ်ယာပိုင်ဆိုင်သော ရခိုင်များက နယ်ခြားစောင့်လုံခြုံရေးအား လာဘ်ပေးကာ လယ်လုပ်ရန် ဘင်္ဂါလီများကို တရားမဝင် ခေါ်သွင်းပြီး ရွာငယ်များ ဖြစ်ပေါ်လာသည်။ တရားမဝင်ဝင်ရောက်လာသူ ဘင်္ဂါလီလူဦးရေများပြား ပြန့်နှံ့လာပြီး ဒေသခံ ရခိုင်တို့နှင့်လည်း ပြဿနာများပေါ်ပေါက်ခဲ့သည်။ ဗုဒ္ဓဘာသာမဟုတ်ခြင်း ဟူသော အချက်ကလည်း အထောက်အကူမပေးနိုင်ချေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေမှာလည်း ပြောင်းလဲနေပြီး စစ်ဖက်နယ်ဘက်တို့တွင် ရိုဟင်ဂျာ ကိစ္စရပ် အပေါ် အမှန်ကိုတင်ပြပြောဆိုသလားတင်ပြ ပြောဆိုခြင်းမပြုဖူးလား ဆိုသည်မှာ မေးခွန်းထုတ်ဖွယ် ဖြစ်ခဲ့သည်။ အခြေ အနေမှာ ပို၍ဝေဝါးလာခဲ့သည်။ *အစိုးရသစ်လက်ထက် ဒေါ်စုကြည်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကို*

*ဘာသာအကြောင်းကြောင့် မသိ ဖိတ်ခေါ်ခဲ့ပြီး ဒေသဆိုင်ရာ ပြည်တွင်းကိစ္စရပ်ကို နိုင်ငံတကာ အကျပ်အတည်းအဖြစ် ကြီးထွားအောင်ပြုလုပ်ခဲ့သည်။* **ဤကိစ္စမှာ ဆက်လက် ဖြစ်ပေါ် နေပြီး ရှုပ်သည်ထက်ရှုပ်အောင် စီမံခဲ့ပုံပေါ်သည်။**

ကောင်းပါပြီ။ ဒေါ်စုကြည်သည် မြန်မာနိုင်ငံအတွက် ဘာတွေဆောင်ရွက် ပြီးစီး ခဲ့ပါသလဲ။ NLD ကို ဦးဆောင်ကာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို နိုင်အောင် လုပ်နိုင်ပြီး လူမှုစီးပွားဘဝ ဆင်းရဲနိမ့်ကျမှုမှ ရုန်းထွက်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း သူမက ပြောဆိုနိုင်ပါသည်။ လက်တွေ့တွင်ကား ကြိမ်ဖန်များစွာ သူမ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုများကြောင့် ဆန့်ကျင်ဘက်အသီးအသီးတို့၏ စိတ်တွင် ‘နောက်တစ်ခါသာဆို မှုစရာမလို၊ ငါတို့မရှုံးနိုင်တော့ဘူး’ ဟု သူတို့၏စိတ်တွင် မှတ်ထင်ကျေနပ်သွားကြခြင်းသည်ပင် ‘သူမ’ရရှိ သောခရက်ဒစ်ဖြစ်သည်။ ပြည်သူလူထုအဖို့ စစ်တပ်၏အုပ်ချုပ်မှုကို မလိုလားသောကြောင့် ထိုသို့ အုပ်ချုပ်ခဲ့သူ အဆက်အနွယ်တို့ကို ဘေးဖယ်စေလိုသည်။ **ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံနှင့် ပြည်သူလူထုကို ချစ်မြတ်နိုးသလို ပြည်သူကလည်း ဗိုလ်ချုပ်ကို ချစ်ခင် ကြည်ညိုသည်။** သူမ၏ အဓိကအားသာချက်မှာ ဗိုလ်ချုပ်အောင်ဆန်း ၏သမီး ဖြစ်နေခြင်း ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးချစ်မြတ်နိုးသော ဖခင်တစ်ဦး၏ ဩဇာသက်ရောက်မှုရှိသော ပုံရိပ်ကို အသုံးပြုကာ နိုင်ငံတစ်နိုင်ငံ၏မှားယွင်းမှုများကို ပြုပြင်ရန် ဆောင်ရွက်ခြင်းမှာ မှားသလားဆိုကာ မမှားပါ။ သို့သော မိမိကိုယ်တိုင်က နိုင်ငံကောင်းအောင်လုပ်နိုင်သော အရည်အချင်း နှင့် စွမ်းရည်မရှိဘဲ ပြည်သူချစ်သော ဖခင်၏ ဩဇာနှင့်ပုံရိပ်ကို ကောင်းစွာ အသုံးချပြီး နိုင်ငံတော်၏အာဏာကိုရယူခဲ့ခြင်းသည် မှားသလား ဟုမေးပါက လုံးဝမှားယွင်းသည် ဟု ဖြေရပေလိမ့်မည်။

လူမှုအဖွဲ့အစည်းအတွင်းတွင် မိဘ၏ အမည်ဂုဏ်သတင်းကျော်ကြားမှု၊ အရေးပါအောင်ပြုမှုစွမ်းဆောင်မှုတို့ကို အမှီပြု၍ လူသိများသော မျိုးဆက်သစ်ပုဂ္ဂိုလ်များ ရှိကြပါသည်။ ထိုသူတို့သည် မိဘမျိုးရိုးအရှိန်အဝါဖြင့် တောက်ပြောင်ကြသည်။

ထင်ရှားသူအား ရုပ်ထုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ၊ ငွေစက္ကူပေါ်တွင် ရိုက်နှိပ်ခြင်းဖြစ်စေ ဖော်ပြလေ့ရှိကြပြီး ထိုသူ အမည်ရေးသွင်းထားသောကြေးပြားကို အရာဆိုခေါ် ကြေးပွတ်ဆေးပွတ်ရုံမျှဖြင့် တောက်ပြောင် လာသည့်နှယ်၊ သူ့ဆွေမျိုး သားချင်း တို့က သူအမည်သုံးကာ ထင်ပေါ်အောင်လုပ်တတ်ကြ သည်။ ထင်ပေါ် ကျော်ကြားသူနှင့် မည်သူ့အမျိုးတော်ပါစေ အပြုသဘောဆောင်သော အရည် အချင်းနှင့်စွမ်းရည်မရှိဘဲ စိန်နားကပ်အရောင်ဖြင့် ပါးပြောင်သူတို့အား မဲဆန္ဒရှင် တို့အနေ ဖြင့်မဲမပေးသင့်ပေ။ ထင်ပေါ်ကျော်ကြား၍ အရှိန်အဝါကြီးသူ၏ သားသမီး ဖြစ်သော်လည်း မိဘခြေရာနင်းကာ စွမ်းစွမ်းတမံဆောင်ရွက်နိုင်စွမ်းရှိသူတို့ကို မဆိုလိုပေ။ မြန်မာနိုင်ငံ ပြည်သူ လူထုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် မိမိတို့အတွက် မိမိတို့၏ သားသမီး တို့အတွက်၊ တိုးတက်မှုလမ်းကြောင်းပေါ်သို့ မှန်ကန်စွာရောက်ရှိရန်လိုအပ်သည်။ မြန်မာ နိုင်ငံအတွက် အလွန်အလွန်မှ အရေးကြီး ပါသည်။ အရည်အချင်းမရှိသူကို မဲမပေးရန်နှင့် ရာထူးအာဏာကို တလွဲအသုံးချမည့်သူများကို မထောက်ခံမိဖို့လိုသည်။ မြန်မာပြည်သူ လူထု အလွန်တန်ဖိုးရှိသောအချိန် နောက်ထပ် ၅ နှစ်ကို ထပ်ပြီး ဆုံးရှုံးမခံပါနှင့်တော့။

နိုင်ငံတိုးတက်အောင် မစွမ်းဆောင်နိုင်ခြင်းနှင့် ဒေါ်စုကြည်၏ အပြုအမူအပေါ် NLD က ဝန်မခံဘဲ ငြင်းပယ်ပါလိမ့်မည်။ **မသိနားမလည်သော လူပြိန်းတို့အား သူတို့ကို ယှဉ်ပြိုင် အနိုင်ယူကာ အစိုးရတစ်ရပ်ဖွဲ့နိုင်လောက်သော အခြားပါတီမရှိ ဟု ပြောဆို ပါလိမ့်မည်။ လက်ရှိဖြစ်ပေါ် နေသော ပညာရေး၊ ဘဏ္ဍာရေး၊ တရားရေး ဆိုင်ရာမူဝါဒများကို ပြုပြင်ပြောင်းလဲနိုင်မည့် အသိဉာဏ်၊ အရင်းအမြစ်နှင့် စည်းလုံးညီညွတ်မှုတို့ ရှိအောင် လက်ရှိ အာဏာရအစိုးရက မလုပ်နိုင်လျှင် ပါတီငယ်များ ပေါင်းစည်းကာ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့နိုင်မည် ဖြစ်သည်။**

---

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ယှဉ်ပြိုင်နိုင်သည့် ပြိုင်ဘက်များနှင့် အခြားအစိုးရ တစ်ရပ်ကို ဖွဲ့စည်းနိုင်သော အင်အားကြီးပါတီ မရှိဟု အဓိကပါတီကြီးအဖြစ်

သတ်မှတ်ထားခံရသော နိုင်ငံရေးပါတီကြီးများက ပြောကောင်းပြောလိမ့်မည် ဖြစ်သည်။ ပါတီငယ်များ အတူတကွစုစည်းဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့ အဖြစ် အနိုင်ရရင်ပင် ၎င်းတို့သည် စည်းလုံးညီညွတ်ရေး သို့မဟုတ် တရားမျှတမှု၊ ဘဏ္ဍာရေး၊ ပညာရေးစနစ်နှင့် ပတ်သက်သော မူဝါဒများကို ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိပေ။ **ဒီမိုကရေစီ အမည်ခံသာဖြစ်သော အကျင့်စရိတ္တယိုယွင်းပျက် စီးပြီး ဒီမိုကရေစီ အယောင်ဆောင်သူများကို လုံးဝသည်းခံခြင်းမရှိဘဲ နိုင်ငံရေးခေါင်းဆောင်မှုအတွက် မသင့်တော်သူများကို မဲမ ပေးဘဲဖယ်ထုပ်ရမည် ဖြစ်သည်။** အကယ်၍ နိုင်ငံရေးစနစ်ကို မှန်ကန်စွာ ရေးဆွဲတည်ဆောက်ထားပါက မဲဆန္ဒရှင်များအနေဖြင့် အဓိပ္ပါယ်ရှိသော နိုင်ငံရေးရွေးချယ်မှုများမရှိခြင်းကို စိုးရိမ်ရန်လိုမည်မဟုတ်ပါ။ အကယ်၍ မဲဆန္ဒရှင်များသည် ဤပြဿနာကိစ္စများကို ပိုမိုအသေးစိတ်သိခြင်ပါက အောက်တွင်ဖော်ပြထား သော ဆွေးနွေးချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ကို မည်သို့ရှေ့ဆက် ဖြတ်သန်းရမည်ကို ရည်ညွှန်း၍ ဖော်ပြထားပါသည်။

**၂၀၂၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ချေများ**ကို အောက်တွင် မှန်းစဖော်ပြထားပါသည်-

**ဖြစ်နိုင်ချေ (၁)** မဲအရေအတွက်၏ ၅၁ ရာခိုင်နှုန်းနှင့် အထက်ဖြင့် NLD အနိုင်ရခြင်း။

**ဖြစ်နိုင်ချေ (၂)** NLD သည် မဲ ၅၁ ရာခိုင်းနှုန်းအောက် ရရှိခဲ့သော်လည်း အတိုက်အခံပါတီများဖြစ်သော ညွန်ပေါင်းအဖွဲ့လည်း NLD လောက် မဲမရရှိခြင်း။

**ဖြစ်နိုင်ချေ (၃)** အတိုက်အခံပါတီဘက်မှ စုစုပေါင်းမဲအရေအတွက် NLD ထက် များခဲ့သော်လည်း NLD က အခြားပါတီများနှင့်ပေါင်းကာ ညွန်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခြင်း။

**ဖြစ်နိုင်ချေ (၄)** NLD အနေဖြင့် နိုင်ခြေရှိသောညွန့်ပေါင်းအစိုးရ မဖွဲ့နိုင်ဘဲ နိုင်ငံတော်အာဏာကို လက်လွှတ်ဆုံးရှုံးရခြင်း။

**ဖြစ်နိုင်ချေ (X)** NLD လည်းမဟုတ်၊ အခြေခံဥပဒေအရလည်း မဟုတ်သော အစိုးရ တစ်ရပ် ၂၀၂၀ နောက်ပိုင်း၌ ပေါ်ပေါက်လာခြင်း။

**ဖြစ်နိုင်ချေ (၁) မှ (၃)** အထိ အလားအလာများမှာ မလိုလားဖွယ်ရှိသော အခြေအနေများဖြစ်ကြသည်။ **ဖြစ်နိုင်ချေ(၃)**သည် ဒေါ်စုကြည်အား သမ္မတအထက်တွင် အတိုင်ပင်ခံအဖြစ် ဆက်လက်တည်ရှိရန် ခက်ခဲစေလိမ့်မည် ဖြစ်သည်။ သီအိုရီ Theory အရ NLD နှင့် စစ်တပ်ပူးပေါင်းပြီး အစိုးရဖွဲ့စည်းရန် ဖြစ်နိုင်ခဲ့သည့်ပင် လက်တွေ့အရ ၎င်းတို့၏ အောက်ခြေအဆင့်က လူများသည် အချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့ဆိုတာ လွယ်ကူလိမ့်မည် မဟုတ်ပါ။ သို့သော် နှစ်ဖက်စလုံးမှ ပြည်သူအများ၏ အကျိုးအမြတ်ကို ဂရုမစိုက်ဘဲ၊ အခြေအနေအရ အမြတ်ထုတ်သောစိတ်သာရှိပါက အတူတကွ ပေါင်းစည်းနိုင်လိမ့်မည်။ **ဖြစ်နိုင်ချေ (X)** နှင့်ပတ်သက်၍ တပ်မတော်၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာများက အတွေးအခေါ်များ ပြောင်းလဲမှုမရှိပါက အလွန်ဆိုးရွားသည့် အခြေအနေတစ်ရပ် ဖြစ်သွားနိုင်လိမ့်မည်။ **ဖြစ်နိုင်ချေ (၄)**အရ NLD ကလည်း ညွှန့်ပေါင်းအစိုးရ မဖွဲ့နိုင်သလို အခြားအတိုက်အခံများဘက်ကလည်း ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရပ်တည်မှုအဆင်မပြေပါက တပ်မတော်မှ ဦးဆောင်သောအဖွဲ့ ပေါ်ပေါက်လာနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရှေ့ဆက်တိုးတက်မှု ရှိနေစေရန် အကောင်းဆုံးသောအခွင့်အလမ်းများလည်း ဤအခြေအနေဖြစ်ထွန်းမှသာလျှင် ပေါက်ဖွားလာနိုင်သဖြင့် မိမိတို့အနေဖြင့် ဤအခြေအနေအား ဆက်လက်စဥ်းစားဖို့ လိုပါသည်။

**ဖြစ်နိုင်ချေ(၄)**တွင် ကြုံတွေ့လာနိုင်သည့် အခြေအနေ(၂)ရပ် ရှိပါသည်။ ပထမ အခြေအနေမှာ တပ်မတော်၏ မဲ ၂၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်းပါဝင်ရန်ဖြစ်ပြီး ဒုတိယအခြေအနေမှာ တပ်မတော်၏ ၂၅ ရာခိုင်နှုန်း ပါဝင်ခြင်းမရှိဘဲ အခြားမဲများနှင့်သာ ပူးပေါင်းပါဝင်

ရန် ဖြစ်သည်။ ထိုအခြေအနေအား **ဖြစ်နိုင်ချေ(၄-ခ)**ဟုခေါ်၍ ယင်းအခြေအနေကို အရင်ဦးဆုံး လေ့လာကြည့်ကြပါစို့။

**ဖြစ်နိုင်ချေ(၄-ခ)**သည် အလယ်အလတ်နှင့် အသေးစားပါတီများအနေဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ညွန့်ပေါင်းဖြစ်သည်။ အဆိုပါ ပါတီများ၏ နိုင်ငံရေးလမ်းစဉ်များမှာ နိုင်ငံတော်အဆင့် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ဘဲ ၎င်းတို့ပါဝင်လှုပ်ရှားကြသည့် ဒေသအဆင့်သာ ရှိပေလိမ့်မည်။ လွှတ်တော်အမတ် ဘယ်နှစ်နေရာ၌ အရွေးခံ အနိုင်ရရှိခဲ့သည် ကိုသာ အလေးထားမည်။ အမတ်ဘယ်နှစ်ဦးပါဝင်ယှဉ်ပြိုင်ရွေးသည်ကို အလေး ထားမည် မဟုတ်ပေ။ **အဆိုပါအခြေအနေမျိုးတွင် ပထမဆုံးကြုံတွေ့ရမည့် စည်းရုံးရေး ဆိုင်ရာပြဿနာမှာ ပါတီငယ်များမှ မည်သူက သမ္မတလုပ်မည်၊ မည်သူက ဝန်ကြီးလုပ်မည် ဟူသောအမြင့်ဆုံးအဆင့် ထိပ်ပိုင်းရာထူးများကို မည်သို့ခွဲဝေမည်နည်း ဟူသောပြဿနာများပင်ဖြစ်သည်။** ဤပြဿနာသည် ညွန့် ပေါင်းပါဝင်သောပါတီများအားလုံးတို့ ကြုံတွေ့ရမြဲပင်ဖြစ်သည်။ ဒေသလုပ်ငန်းကိစ္စ များကျော်လွန်ပြီး ပိုမို ကျယ်ပြန့်စွာ စဉ်းစားတွေးခေါ်နိုင်သူတို့က နိုင်ငံတော်အဆင့် ရာထူးတာဝန်များ ခန့်အပ်ခြင်းခံရသူများ ဖြစ်နိုင်ဖွယ်ရှိရှိကြမည်ဖြစ်ပါသည်။ အကယ် ၍ သဘောတူညီမှုမရသဖြင့် ရှေ့ဆက်မတိုးနိုင်ပါက **ဖြစ်နိုင်ချေ(၄)** နေရာတွင် **ဖြစ်နိုင်ချေ (X)** က အလျင်အမြန် အစားထိုးဝင် ရောက်လာနိုင်လိမ့်မည်ဆိုသော အချက်ကို စွဲစွဲမြဲမြဲမှတ်သားထားဖို့ လိုအပ်ပါလိမ့်မည်။ ဆိုလိုသည်မှာ နောက်ထပ် နှစ်(၂၀)ခန့် စစ်တပ်၏ အုပ်ချုပ်မှု အောက်သို့ ပြန်လည်ကျရောက် သွားနိုင်ပါသည်။ အကယ်၍ အရပ်ဘက်ဆိုင်ရာ ညွန့်ပေါင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ရှေ့ရေးကို အလေးအနက်ထားပါက ၎င်းတို့အချင်းချင်းကြားတွင် ထိရောက်မှုရှိစွာ ပြန်လည် စဉ်းစားဆုံးဖြတ်နိုင်ရန် လိုအပ်ပါ သည်။ **ကောင်းမွန်သောအစိုးရတရပ်ကို မည်ကဲ့သို့ ဖွဲ့စည်းသင့်သည်ဟူသော ကျွန်တော်တို့၏ အကြံပြုချက်များကို လက်ခံရန် လိုအပ် လာနိုင်မည်။**

အစိုးရအဖွဲ့ ရာထူးနေရာများ ဆုံးဖြတ်ပြီးပြီဆိုပါက အဆိုပါညွန့်ပေါင်းအဖွဲ့အားလုံး day-to-day လုပ်ငန်းစဉ်များကို မည်သို့ ဆောင်ရွက်ရမည်ကိုလည်း အလျင်အမြန်ညှိနိုင်းလေ့

လာကြဖို့ လိုအပ်ပါသည်။ အထူးသင်တန်းများလည်း စီမံပို့ချပေးရန် လိုအပ်လိမ့်မည်။ တစ်ချိန်တည်းမှာပင် **" ဗဟိုပညာရှင်အဖွဲ့" (The Central Think Tank)**ကို မည်သို့ ဖွဲ့စည်းဆောင်ရွက်ရမည်ကိုလည်း စဉ်းစားဆုံးဖြတ်ရန် လိုအပ်ပါမည်။ ညွှန့်ပေါင်းအဖွဲ့၏ သဘောတူညီချက်များကို (ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ဥပဒေအသစ်များ မပြဋ္ဌာန်းမှီအထိ) မူဝါဒအဖြစ် မည်သို့ဖော်ဆောင်သွားမည်ကို အဆိုပါ **" ဗဟို ပညာရှင်အဖွဲ့"** The Central Think Tank (နောက်ပိုင်းတွင် Think Tank ဟူ၍ ရေးသားပါမည်) က ဦးဆောင်ပြီး အကောင်းဆုံးဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အဆိုပါမူဝါဒများမှာ ရေတို Short-Term (တစ်နှစ်အတွင်း)နှင့် ရေရှည် Long-Term မံကိန်းများ ဖြစ်ရပါမည်။ မည်သို့ ဆက်လက်ဆောင်ရွက်သွားသင့်သည်ကိုလည်း ကျွန်တော်တို့ အကြံပြုပေးသွားနိုင်ပါသည်။ **မှတ်ချက်-** ဝန်ကြီးများရုံးများနှင့် ၎င်းတို့၏ဌာနအောက် အဖွဲ့အစည်းများအားလုံးတွင် ပေါ်ထွက်လာကြသော Projects ကြီးများဆောင်ရွက်ရန် ကုန်ကျမှု (စရိတ်)နှင့် အချိန်ကြာမြင့်မှု့ အဆင့်တစ်ခုထက် များလာပါက Think Tank အနေဖြင့် အသေးစိတ်လေ့လာပြီး လုပ်သင့်မလုပ်သင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနများအား အကြံပြုပေးရန် ဖြစ်သည်။ **သို့မှသာလျှင် "Signature Bonus" ဟူသော ဝန်ကြီးဌာနများမှ အကျင့်ပျက်ခြစားမှုများကို ထိမ်းချုပ်နိုင်မည်။** Think Tank သည် အရေးကြီးသော 5th Branch of Government ( Branches of Government are Executive , Legislative, Judicial & Bureaucracy) ဖြစ်လာနိုင်ရန် လိုပါသည်။ Think Tank သည် ပြည်တွင်းပြည်ပရှိ ထူးချွန်သော မြန်မာနိုင်ငံသားပညာရှင်များနှင့် ဖွဲ့စည်းထားမည်ဖြစ်ခြင်းကြောင့် ပုဂ္ဂလိကစီးပွားရေးသမားများနှင့် ပါတီခေါင်းစားမှုများ မပါစေဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် အကောင်းဆုံးအကျိုးပြုပေးသော အဖွဲ့အစည်းအဖြစ်ပေါ်ပေါက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် Branch of Government အဆင့် ရှိသော Power လိုအပ်ပါသည်။

**" ပညာရှင် အဖွဲ့"** (Think Tank)မရှိသော ပါတီကြီးများနှင့် နှိုင်းယှဉ်ပါက အဆိုပါ " ပညာရှင် အဖွဲ့" (Think Tank)၏ လုပ်ဆောင်ချက်သည် ပါတီစုံညွန့်ပေါင်းအဖွဲ့အတွက် အင်အား

ကြီးမားပြီး စွမ်းဆောင်ရည်ကောင်းမွန်သော အဖွဲ့များအဖြစ်သို့ မြှင့်တင်ပေးနိုင်စေသည်။ **ဤအချက်သည် ရွေးကောက်ပွဲရလဒ်တစ်ခုလုံးကို ပြောင်းလဲစေနိုင်သော အဓိကအကြောင်းအချက် (Game Changer) ဖြစ်သည်။** ၎င်းသည် တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အသီးသီးတွင် ဒေသဆိုင်ရာ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးများမှ ထိုဒေသတွင် မွေးဖွားကြီးပြင်းသော ကိုယ်စားလှယ်ကို မဲပေးရေးအတွက် ဖြစ်နိုင်ခြေ ကောင်းလာပါလိမ့်မည်။

**"ပညာရှင်အဖွဲ့"** (Think Tank) ဖွဲ့စည်းနိုင်ရန်အတွက် ပထမဦးစွာ ကျွန်တော်တို့သည် မြန်မာနိုင်ငံ၏ အဓိကနယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသည့် ထိပ်တန်းပညာရှင်ပေါင်း အယောက် ၁၀၀ ကို ဖော်ထုတ်စည်းရုံးရန် လိုအပ်ပါသည်။ ၎င်းတို့သည် အခြေခံနိယာမ၏မဏ္ဍိုင်များ (Pillars of Principles) ကို အကောင်အထည်ဖော်ရန် တာဝန်ယူရမည်။ **အမျိုးသားဆန္ဒနှင့် ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုး တက်မှုအတွက် လိုအပ်သောစိတ်ဓာတ်သည် ဤအခြေခံပေါ်တွင် မူတည်ပါသည်** (ဗိုလ်ချုပ်အောင်ဆန်း) ***the National Will*** **and the** ***Spirit Requisite for the Growth of Civilization (Bogyoke Aung San)*** ။ ၎င်းတို့သည် စစ်တပ်နှင့် အစိုးရဌာနများအပါအဝင် အစိုးရ၏ ဌာနခွဲအားလုံးမှ ထူးချွန်သူများ လာရောက်ပါဝင်သင့်သည်။ ထို့အပြင် အပြုသဘောဆောင်သောပံ့ပိုးမှုများ ပေးနိုင်သည့် အထူးအကျိုးစီးပွားအုပ်စုများ (Special Interest Groups – SIG) အားလုံးလည်းပါဝင်ရန် လိုအပ်သည်။ သက္ကသိုလ်များမှ ပညာရှင်များလဲ ပါဝင်ကြရမည်။ လူအင်အားများကို လိုအပ်ချက်များနှင့် ရရှိနိုင်မှုအပေါ်အခြေခံ၍ ဖွဲ့စည်းညှိနှိုင်းရပါလိမ့်မည်။ လိုအပ်ပါက ပြည်ပမှ ကျွမ်းကျင်သူများ ပါဝင်နိုင်သည်။ များစွာသော Think Tank အဖွဲ့ဝင် ပုဂ္ဂိုလ်များသည် Cyber Systems များကို ကောင်းမွန်စွာ အသုံးပြုနိုင်သည့်အတွက် လုပ်ငန်းလည်ပတ်မှုသည် ယခုခေတ်စီးပွားရေး ကုမ္ပဏီများ Modern Business Corporations နှင့် ဆောင်ရွက်ပုံများ တူလိမ့်မည် ဖြစ်သည်။

အချို့သောရန်ပုံငွေနှင့် Project Life-Cycle ထက်ကျော်လွန်သော အဓိကစီမံကိန်း များအားလုံးသည် သက်ဆိုင်ရာဝန်ကြီးဌာနများ သို့မဟုတ် ဌာနဆိုင်ရာများအနေဖြင့် အကောင်

အထည်စတင်မဖော်ဆောင်မီကပင် “ပညာရှင်အဖွဲ့” Think Tank မှတစ်ဆင့် အတည်ပြုရန် တင်ပြရမည်။ ဤနည်းအားဖြင့်၊ “ Signature Bonus” ဟူသော အကျင့်ပျက်ခြစားမှုများကို လျှော့ချနိုင်မည် ဖြစ်သည်။ အဓိကစီမံကိန်းများ အားလုံးသည် မဏ္ဍိုင်များ (Pillars of Principles) နှင့် ဆီလျော်မှု ဖြစ်ရမည်။ ယင်းစီမံကိန်းများသည် သတ်မှတ်ထားသော စစ်ဆေးခြင်းများကို ခံယူရမည်။ ၎င်းတို့သည် ဘတ်ဂျက်အတွင်းနှင့် အမှန်တကယ်တိုးတက်မှုရှိစေရန် “ပညာရှင်အဖွဲ့” Think Tank များက Inspection Teams များ လေ့လာစောင့်ကြည့်ရမည်။

**အစိုးရအတွက်စဉ်းစားရန် အဓိကမဏ္ဍိုင်(Pillars of Principles)များမှာ** တရားမျှတမှုနှင့် တရားမျှတသော ဥပဒေများ၊ စည်းစိမ်ဥစ္စာ မျှတစွာခွဲဝေခြင်း၊ လက်တွေ့ကျသောပညာရေး အစီအစဉ်များ၊ ကျန်းမာရေးနှင့် ကြွံခိုင်ရေးအစီအစဉ်များ၊ တောရိုင်းတိရစ္ဆာန်များနှင့်  သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များ၊ သဘာဝသယံဇာတများကို ထိန်းသိမ်းခြင်း၊ ခေတ်သစ်ယဉ်ကျေးမှုများ၏ ကောင်းကျိုးများကိုနားလည်ခြင်း (ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တပျက်ပြာမှုများကို ဖယ်ရှားခြင်း)၊ လက်တွေ့ကျကျ စဥ်းစာတွေးခေါ်တက်သော စိတ်ဓါတ်မျိုးကို နားလည်သဘောပေါက်ခြင်း၊ ပျင်းရိသော၊ ညံ့ဖျင်းသော၊ လိမ်ညာကောက်ကျစ်လှည့်ဖျားတက်သော Lie ,Cheat and Deceive (LCD) ကဲ့သို့ လူတန်းစားများ နည်းပါးစေရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းလမ်းများ (ဆိုက်ဘာ Cyber System အခြေပြု စနစ်များ)၊ အစိုးရဌာနများ၏ (အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ဗျူရိုကရေစီ) အလေ့အကျင့်များကို ကြီးကြပ်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် မီဒီယာများ စောင့်ထိန်းရမည့်စည်းမျဥ်းများ စသည်ဖြင့်။

ဒီမိုကရက်တစ် Democratic အဖွဲ့အစည်း များတည်ထောင်ခြင်း၊ ဖက်ဒရယ်စနစ် သို့မဟုတ် အခြားရွေးချယ်စရာနည်းလမ်းများ Federalism or alternatives အတွက် စဉ်းစားခြင်း၊ အိန္ဒိယသမုဒ္ဒရာဘက်မှ တရုတ်နှင့် ဗီယက်နမ်နိုင်ငံသို့ ကွန်တိန်နာရထားလမ်း Container Rail Systems များဖြစ်သော စီးပွားရေးစကြံလမ်းမကြီးများ (အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်သောပြဿနာများ)စသည်တို့ကို လေ့လာခြင်း မပြု

လုပ်မီ သက်ဆိုင်သည့်မဏ္ဍိုင် (Pillars of Principles) ကြီးများကို သေသေချာချာ နားလည်သဘောပေါက်ထားဖို့ လိုအပ်ပါသည်။ ဤမျှကျယ်ပြန့်ပြီး အခြေခံအဆင့် ဖြစ်သော "Upper Level Structures" (utilizing the support of hopefully very sound Pillars of Principles) ကို ဆက်စပ်လေ့လာပြီးနောက် ၎င်းတို့အကြား အပြန်အလှန်စဉ်းစားတွေးခေါ်မှုအပေါ် (မြန်မာနိုင်ငံ၏အခြေအနေပေါ်မူတည်ပြီး) အခြေခံ၍ ပိုမိုကောင်းမွန်သော နားလည်မှုများနှင့် ပိုမိုကောင်းမွန်သော အခြေအနေသို့ ရောက်ရှိလာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် "ပညာရှင်အဖွဲ့" Think Tank ကို အစိုးရ၏ဌာနကဲ့သို့ သတ်မှတ်ထား သင့်သည်။

ဘရာဇီးသည် ၁၉၈၅ မတ်လတွင် ၂၁ နှစ်ခန့်ကြာ အုပ်ချုပ်ခဲ့သည့်စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ခဲ့သည်(အင်တာနတ်တွင်လေ့လာဖက်ရှုနိုင်ပါသည်) ။ အရပ်သားအစိုးရသစ်အနေနှင့် ဒီမိုကရေစီအင်စတီကျူးရှင်း(Institution)များအား ပြန်လည်တည်ဆောက်ဖို့အတွက်၊ လက်ရှိမြန်မာဒီမိုကရေစီကို လိုလားသည့် မည်သည့်အစိုးရအဖွဲ့အစည်းမဆို ထိုအချိန်က ဘရာဇီးနိုင်ငံ၏ ဒီမိုကရေစီကို မည်ကဲ့သို့ ပြန်လည်တည်ဆောက်သွားခဲ့သည်ကို လေ့လာသင်ယူသင့် ပါသည်။ တရုတ်ကဲ့သို့သော နိုင်ငံသည် လူနည်းစုများကြားထဲက လူနည်းစုငယ်များအများအပြားရှိသော်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးခြင်း မရှိပါ။ ထို့ကြောင့် ဖယ်ဒရယ်စနစ်သည် လူနည်းစုများ၏တည်ရှိမှုကို အုပ်ချုပ်ရန် တစ်ခုတည်းသောနည်းလမ်း မဟုတ်ပါ။ အချို့သောဖြစ်ရပ်များတွင် တရုတ်နှင့် မြန်မာ တို့သည် နယ်စပ်တလျှောက်တွင် တူညီသောတိုင်းရင်းသားလူနည်းစုများ နေထိုင်ကြသည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံသို့တင်ပို့မည့် ကွန်တိန်နာရထားလမ်းသည် အလွန်အရေးကြီးသော **ပထဝီမဟာဗျူဟာတန်ဖိုး** (Geo-Strategic Values) ရှိရာ ၎င်းအတွက် **ဆောက်လုပ်ရေး လုပ်ငန်းကို ကုန်ကျစရိတ်ဈေးနှုန်း** (Cost Pricing) အပေါ်မူတည်၍ စဉ်းစားလို့မရပါ။ မြန်မာနိုင်ငံ၏ ပိုင်နက်နေရာအတွင်း စီးပွားရေး လည်ပတ်မှုအတွက် **ဝင်ငွေအများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် အနည်းဆုံး ဖြစ်သော တန်ဖိုးဈေးနှုန်း** (Value pricing)ကို ရရှိသင့်ပါသည်။ ပါတီငယ်များဖြင့် ဖွဲ့စည်းထားသော အစိုးရ ဖြစ်သော်

ငြားလည်း ပညာရှင်အဖွဲ့ Think Tank များနှင့် လွှတ်တော်အမတ်များပေါင်း၍ မူဝါဒအသစ်များနှင့် ပြုပြင်ပြောင်းရမည့်မူဝါဒများကို စဥ်းစားနိုင်ပြီး အောင်မြင်မှုများအားမြှင့်တင်ပေးနိုင် မည်ဖြစ်သည်။

၂၀၂၀ ခုနှစ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြန်စဥ်းစားမိသောအခါ၊ **ဤဖြစ်နိုင်ခြေ(၄ခ-၂)** သို့ ရောက်လာနိုင်လျှင် ကျွန်တော်တို့အတွက် ကစားနည်းအသစ်တစ်ခု ရရှိလာပါပြီ။ **ဖြစ်နိုင်ချေ(၄ခ)** ကနေ **ဖြစ်နိုင်ချေ(၄ခ-၂)**အဆင့်သို့ တိုးမြင့်နိုင်ခဲ့လျှင် အကျိုးအမြတ်အပြည့်အဝ ရရှိရေးအတွက် ဒေသဆိုင်ရာ ပါတီငယ်များကို ၂၀၂၀ ရွေးကောက်ပွဲ မတိုင်မီ အချိန်မှီ ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါသည်။ ၂၀၂၀ ရွေးကောက်ပွဲအတွက် အပြည့်အဝ မပြင်ဆင်နိုင်ခဲ့သည်ဖြစ်ခဲ့သော် ပညာရှင်အဖွဲ့ "Think Tank" ကို အမြန်ဆုံးဖွဲ့စည်းနိုင်မှသာလျှင် မြန်မာနိုင်ငံ၏ လည်ပတ်နေသော နိုင်ငံရေးစနစ်အတွက် အရေးရာရောက် မည်ဖြစ်သည်။

ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (ပေါင်းစပ်ညှိနှိုင်းထားသောအဖွဲ့အစည်းအဖြစ် ဖော်ပြရန်တွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတံဆိပ် LOGO) ပေါ်ပေါက်ရန် လိုပါသည်။ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတံဆိပ်နှင့်အတူ ပါတီငယ်များ၏ပင်ကိုတံဆိပ်များ ပြသခြင်းအားဖြင့် မဲဆန္ဒရှင်များအား အဖွဲ့အစည်းနှင့် ဆက်ဆက်မှုကို သိရှိစေမည်ဖြစ်သည်။ ပေါင်းစပ်ညှိ နှိုင်းရေး ကော်မတီအမည်ကို (ဒို့ပြည်)ဟု ယာယီခေါ်ပါမည်။ NLD မှလွဲ၍ ရွေးကောက်ပွဲပြီးဆုံးပြီး နောက်ပိုင်းအချိန်၌ပင် မည်သည့်ပါတီမဆို အနည်းဆုံး အနိုင်ရအမတ် တစ်ဦးရှိလျှင်ကိုပင် (ဒို့ပြည်) အဖွဲ့ဝင်ဖြစ်လာနိုင်သည်။ NLD လွှတ် တော်အမတ်များအနေနှင့် NLD မှခွဲထွက်ပြီးမှသာ (ဒို့ပြည်) အဖွဲ့ဝင် ဖြစ်လာနိုင် မည်။ **ဖြစ်နိုင်ချေ (၄ခ-၂)** (ဒို့ပြည်)၏ ဆန္ဒမဲသည် စစ်တပ်အဖွဲ့အစည်းများ၏ မဲဆန္ဒ ၂၅ ရာခိုင်နှုန်းနှင့် မတိန်းမယိမ်းဖြစ်လာနိုင်လျှင် စစ်တပ်ကပင် (ဒို့ပြည်) ၏ အဖွဲ့ဝင်အဖြစ် ဖြစ်လာနိုင်ပြီး ၎င်းတို့သည် အထက်စည်းမှနေ၍ ဆက်ဆံခြင်းများ ဆောင်ရွက်မည်ကို စိုးရိမ်ပူပန်စရာ မလိုတော့ပါ။ ဆိုလိုသည်မှာ **ဖြစ်နိုင်ချေ (၄က)** နှင့် **(၄ခ-၂)** ကို တန်းတူအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဥ်းစာနိုင်မည် ဖြစ်သည်။

**ပါတီငယ်များ ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စ၏ အားနည်းချက်မှာ** ဒေသဆိုင်ရာ ကိုယ်စားလှယ်တို့၏ ကျင့်ဝတ်နှင့် အရည်အချင်းများသည် စံနှုန်းပြည့်မှီခြင်းဟူသော ချွန့်ယွင်းချက်များ ရှိနိုင်ပါလိမ့်မည်။ ဆင်းရဲနွမ်းပါးသော လူ့အဖွဲ့အစည်းတွင် လူတစ်ဦးအနေဖြင့် တစ်ယောက်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြင့် မကောင်းသောအကြံ အမြောက်အများကို ဝယ်ယူနိုင်သည်။

ယခုအခါ Microsoft ကဲ့သို့သောကုမ္ပဏီများ သည် **အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး နည်းစနစ် ISO 37001** (အင်တာနက်တွင် လေ့လာနိုင်ပါသည်) ကျင့်သုံးနေပြီဖြစ်သည် ။ ဤနည်းစနစ်များကိုအခြေခံပြီး ညွှန် ပေါင်းအဖွဲ့များ၏ လိုအပ်ချက်များနှင့် လိုက်လျှောညီထွေမှုကိုက်ညီသော စနစ် တစ်ခုဖြစ်အောင် ဖော်ဆောင်ရန် မခက်ခဲပါ။ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီ မလိုလားဖွယ် ကိစ္စရပ်များစွာကို လျှော့နည်းသွားစေလိမ့်မည်ဟု ယူဆပါသည်။ **နောက်ထပ်အရေးကြီးသော စိန်ခေါ်မှုတစ်ခုမှာ ထိရောက်သော ပါတီအတန်းခေါင်းဆောင် (party whip)ကို ရှာဖွေခြင်းဖြစ်သည်။** အပြုသဘောဆောင်သော အကျင့်စာရိတ္တရှိသူသည် ၎င်း၏ လုပ်ဖော်ကိုင်ဘက်များအား အဘယ်ကြောင့် သူတို့တတွေ အတူတကွရှိနေရသည့် အကြောင်းရင်းများကို အမြဲတမ်းသတိပေးလျှက် မြန်မာနိုင်ငံနှင့် လူမျိုးအတွက် တိုက်ပွဲဆင်နွှဲရန်ပင် ဖြစ်သည်။

ဒေသန္တရအစိုးရ အကြောင်း၊ လူထုပူးပေါင်းပါဝင်မှု အကြောင်း စသဖြင့် စိတ်ဝင်စားသော (အစိုးရမဟုတ်သောအဖွဲ့အစည်း) NGO (ပြည်တွင်းနှင့်နိုင်ငံတကာ)အဖွဲ့များ မြန်မာနိုင်ငံအတွင်း၌ ရှိကြသည်။၎င်းတို့အနေဖြင့် အထက်ဖော်ပြပါ မဟာဗျူဟာများ၊ နည်းဗျူဟာများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်နိုင်စွမ်း ရှိလိမ့်မည်။ ၎င်းတို့ကဲ့သို့သော အဖွဲ့များအတွက် ISO 37001၏ သတ်မှတ်ချက်များကို လိုက်နာ၍ Cyber System ကိုအသုံးပြု၍သော်လည်းကောင်း (သို့မဟုတ်) မြန်မာနိုင်ငံ၏ အကောင်းဆုံးဖြစ်သော “ ပညာရှင်အဖွဲ့ ” (Think Tank) အဖွဲ့များ၏ ပံ့ပိုးမှုအားဖြင့်သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်နိုင်ရန် မခဲရင်းလှပေ။

**နောက်လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မြန်မာနိုင်ငံကို နောက်ဆုံးဗာမာဘုရင်များ အုပ်ချုပ်သောခေတ်သို့ နောက်ပြန်ဆုတ်သွားမည်လော။** နောက်ဆုံးဗမာဘုရင်သည် နန်းတော်၏ အနောက်ဘက်တံခါးမှ နှင်ထုတ်ခြင်းခံခဲ့ရပြီး အဆိုပါတံခါးသည် ပုံမှန်အားဖြင့် အလောင်းများကို ဖယ်ထုတ်ရန်အတွက်သာ ဖြစ်ပါသည်။ ဤ ၁၅ နှစ်အတွင်း လက်ရှိသမ္မတသည် မြန်မာနိုင်ငံ၏ နောက်ဆုံးသောသမ္မတအဖြစ် ပျောက်ကွယ်သွားမည်ကို မမြင်ပါ။ သို့သော် အကယ်၍ကြီးမားသော နိုင်ငံခြားချေးငွေများကို ထိန်းချုပ်မှုမရှိဘဲ အကြွေးများပြန်မဆပ်နိုင်ခဲ့လျှင် အခြေခံ အားဖြင့် အဆိုပါသမ္မတသည် အသေးအဖွဲလူတစ်စု၏ ခေါင်းဆောင်သာ ဖြစ်ပေ လိမ့်မည်။

စဉ်းစားဉာဏ်ရှိသော မြန်မာပြည်သူလူထုများ စောင့်ကြည့်နေကြသည်၊ စစ်တပ် အသိုင်းအဝိုင်းကလည်း စောင့်ကြည့်နေကြသည်၊ တိုင်းရင်းသားများလည်း စောင့်ကြည့်နေကြသည်၊ တစ်နေ့လုပ်မှတစ်နေ့စားရသော ဆင်းရဲသားများ စောင့်ကြည့်နေကြသည်၊ မှန်ကန်သော ဥပဒေစိုးမိုးရေးများဖြစ်စေခြင်သော တရားမျှတမှုဥပဒေနှင့် ပတ်သက်၍ စိုးရိမ်ပူပန်သူများလည်း စောင့်ကြည့်နေကြသည်၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ဂရုစိုက်တဲ့သူများလည်း စောင့်ကြည့်နေကြသည်၊ မြန်မာနိုင်ငံကို စိတ်ဝင်စားနေသော နိုင်ငံတကာအဖွဲ့များကလည်း စောင့်ကြည့်နေကြသည်၊ စိတ်ဓါတ်ရေးရာပိုင်းတွင် အပြုသဘောဆောင်သော ခံစားမှုရှိသူများကလည်း စောင့်ကြည့်နေကြသည်၊ တိုးတက်ဖွံ့ဖြိုးပြီး လူသားဆန်ပြီး တိုင်းပြည်မှာကြီးပြင်းနိုင်ရန်အတွက် စိတ်ဂင်စားသော ကျောင်းသားများလည်း စောင့်ကြည့်နေကြသည်၊ ၂၀၂၀ ရွေးကောက်ပွဲပြီးဆုံးပြီး နောက်ပိုင်းတွင် အမျှော်အမြင်လုံးဝမရှိသော သို့မဟုတ် တရားမျှတမှုမရှိသော ဒီမိုကရေစီ အစိုးရဟုခေါ်သည့် အစိုးရ၏အာဏာ ကျဆင်းသွားမလား ဆိုသည်ကိုလည်း စောင့်ကြည့်နေကြသည်။

**၂၀၂၀ ရွေးကောက်ပွဲသည် မြန်မာပြည်သူလူထုများအနေဖြင့် အလွန်အရေးကြီးသည့် လမ်းဆုံလမ်းခွ၌ ရောက်ရှိနေကြောင်းကို အပြည့်အဝသတိထားသင့်ပါသည်။** သမာဓိတရားရှိသောလူမျိုးနှင့်တိုင်းပြည် ဖြစ်သင့်၊ မဖြစ်သင့်အတွက် အလေးအနတ်ထားပြီး စဉ်းစားရန် လိုအပ်ပါသည်။ အမျိုးသားရေးဆန္ဒနှင့် ယဉ်ကျေးမှုဖွံ့ဖြိုး

တိုးတက်ကြီးထွားမှုအတွက် လိုအပ်သည့်ဖြစ်စဥ်နှင့် မှန်ကန်သောစိတ်ဓာက် အမှန်တကယ် ဖြစ်ပေါ်လာအောင် ကျွန်တော်တို့ အတူတကွလုပ်ဆောင်ကြပါစို့။ When the National Will and the Spirit Requisite for the Growth of Civilization become real to be so, we will be together to make it happen.

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ဖြစ်လာနိုင် ပါမလား။ Will that be in 2020?☼